သခင့်စကား ၁-၃၅

သခင့်စကား
ဝိညာဉ်ရေးဂျာနယ်စောင်

သူ့ကိုတဖန် ငါ ဖြားယောင်းမည်။ တောလမ်းဖြင့် ပို့ဆောင်သော်လည်း နှစ်သိမ့်စေသော စကားကို ပြောမည်။ ဟောရှေ ၂း၁၄

အမှတ်စဥ် (၃၅) ဇူလိုင်လ ၂၀၀၄ ခုနှစ် ဓမ္မဒါန ( လစဥ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )

# ကျွန်မသိသော ရောင်စုံမိခင်များအကြောင်း



နေ့ထူးနေ့မြတ် ဖြစ်သော မိခင်များနေ့ရောက်တိုင်း ကျွန်မ၏ မိခင်အား ဂုဏ်ပြုလိုသောကြောင့် အမေ့အကြောင်း ရေးမည်ဟု ကြံလိုက်တိုင်း အကြံ မမြောက်ခဲ့ပေ။ မည်ကဲ့သို့ စရေး၍ မည်သို့ ဆုံးရမည်ကိုလဲ မသိပါ။ ဂုဏ်ပြုထိုက်သည့် မိခင်ထဲတွင် ကျွန်မ၏ မိခင်မှာနံပါတ် ၁ နေရာတွင် ရှိနေပြီးသားပင်။ ရေးသားစရာ သူမ၏ အကြောင်းများလဲ ရင်ထဲတွင် အပြည့်ရှိပါသည်။ သို့သော်လဲ အဘယ်ကြောင့် စာတစ်ပုဒ် မဖြစ်ခဲ့သနည်း။

ဆုတောင်းပြီး အဖြေ ရှာကြည့်သည့်အခါတွင် ထူးခြားသည့် ခံစားချက်မျိုး ဝင်လာပါသည်။ လောကတွင် ရောင်စုံလူတန်းစားများရှိသလို ရောင်စုံမိခင်များလဲ ရှိမည်သာ။ မိမိအား မွေးဖွား သန့်စင် စောင့်ရှောက်ခဲ့သော မွေးသမိခင် ကျေးဇူးရှင်အကြောင်း စာဖွဲ့၍ ရေးသားချင်သော်လည်း မဆီမဆိုင် အခြားသောမိခင်များ၏ အကြောင်းက ကျွန်မ၏ အတွေးထဲတွင် စိုးမိုး ခံရပြန်ပါသည်။ ဝိညာဉ်တော်၏ နှိုးဆော်မှုကို ခံရကာ "သြော် – မိခင်များနေ့ဆိုတာ ငါတစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ တခြားသူတွေ အတွက်လဲ ပါတာဘဲလေ"ဟု ဆိုကာ ကျွန်မနှင့် ထိတွေ့ခဲ့ဖူးသော မိခင်များအကြောင်း ပြန်လည် မြင်ယောက်မိကာ ရေးသားတင်ပြလိုက်ရပါသည်။

ငယ်စဉ်က ဘိုးဘွားပိုင် ခြံကြီးထဲတွင် ကျွန်မတို့ မိသားစု အပါအဝင် အခြားသော မိသားစုများလဲ စုပေါင်းပါဝင်နေထိုင်ကြပါသည်။ ရပ်ကွက် တစ်ခုလို ဖြစ်နေသော ထိုခြံကြီးထဲတွင် ကလေးသံ ခွေးသံများနှင့် နေ့စဉ် ပွက်လောရိုက် နေတတ်ပါသည်။ ရောင်စုံဘဝ အသက်တာနှင့်အတူ ရောင်စုံမိခင်များ၏ ရောင်စုံ စရိုက်များကိုလဲ နေ့စဉ် မြင်တွေ့ရပြန်ပါသည်။ ကလေးများထဲတွင် "မိစွာ"ဟု နာမည်ရသော ကျွန်မကြောင့် ခဏခဏ ပြဿနာတက်ရပါသည်။ တစ်ခါတစ်ရံတွင် အခြားသော မိခင်များနှင့် ကျွန်မ၏ ကိုယ်ပိုင်မိခင်အား လဲလှယ်ချင်စိတ် ပေါ်လာခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ကလေးချင်း ရန်ဖြစ်တိုင်း အမေသည် ကျွန်မအား မညှာမတာ ရိုက်တတ်သောကြောင့် ဖြစ်သည်။

အခြားသော မိခင်မှာမူ သူမ၏ ကလေးလက်ကို ဆွဲလျှက် အမေ့ဆီလာကာ အော်ကြီးဟစ်ကျယ် ရန်တွေ့ပြီး သူ၏ ကလေးများနှင့် ကျွန်မကို လာ မကစားရန် တားမြစ်တတ်သေးသည်။ ခွန်းတုံ့ မပြန်သည့်အပြင် ကျွန်မတို့ ဘက်က မမှားပါဘဲနှင့် တောင်းပန်တတ်သူမှာ အမေသာလျှင် ဖြစ်တော့သည်။ ရန်ဖြစ်တာ မကောင်းကြောင်း၊ လူတိုင်းနှင့် တည့်အောင် ပေါင်းရမှာဖြစ်ကြောင်း ပြောပြီး ကျွန်မ အား တုတ်နှင့် ရိုက်ပါတော့သည်။ နားလည်ခွင့်လွှတ်ခြင်း မရှိသည့် အခြားသောမိခင်များ၏ သူတို့သားသမီးအပေါ် ထားသော မေတ္တာသည် ကြီးမားသလို နောင်တွင် ရန်မဖြစ်အောင် တုတ်နှင့် ဆုံးမတတ်သော ကျွန်မ မိခင်၏မေတ္တာသည်လဲ မသေးခဲ့ပါ။ "ဟဲ့ – eX Xာလေး ၊ ဘယ်ရောက်နေလဲ၊ စောစောစီးစီး မွေ့ အကိုက်ခံချင်လို့လား၊ မြန်မြန်ပြန်လာစမ်း အိမ်ကို –" မနက်စောစော ဝေလီဝေလင်းအချိန်တွင် ကလေးများ သရက်သီး လုကောက်သည့်အခါ ကျွန်မ၏ အိမ်ဘေးတွင်ရှိသော မိခင်တစ်ဦးက သူ၏သားသမီးများကို မကြားဝံ့ မနာသာ အော်ဆဲတတ်သည့် အသံကို ထိုကဲ့သို့ ကြားရလေ့ရှိသည်။ မျက်နှာချင်းဆိုင် အိမ်တွင်းမှ မိခင်က ဂျီကျလွန်းသော ကလေးကို သီချင်းဆို၍ ချော့လေ့ရှိသည်။ ထိုမိခင်နှစ်ဦး၏ အသံကို ကြားလျှင် ကျွန်မ ရယ်ချင်မိသည်။

## မတူညီသော စရိုက်နှစ်မျိုးကြားတွင် တူညီသော အကြောင်းတရားကတော့ မေတ္တာပင်ဖြစ်သည်။

မွေ့ ကိုက်ခံရမည့် သားကို ဆဲဆိုတားမြစ်လိုက်သောမိခင်နှင့် ဂျီကျသောကလေးငယ်ကို တေးဆိုပြသော မိခင်တို့၏ ဆန့်ကျင်ဘက် အသံနှစ်ခုသည် ခြားနားနေသော်လည်း အရင်းခံမေတ္တာမှာ အတူတူပင်ဖြစ်ပါသည်။

"အို ကျွန်မ သမီးလေးက အရမ်းတော်တာ၊ ဆန်းဒေးစကူးလ်မှာလဲ ဆုတွေရတယ်။ ကျမ်းစာလဲ တော်တော်များများ အလွတ်ရတယ်။ ကြီးလာရင် ကျမ်းစာကျောင်း တက်ခိုင်းမှာ၊ အခုကတည်းက ကျွန်မ လေ" ဟု မိခင်တစ်ယောက်က ကျွန်မအား "ကျွန်မ အရမ်းစိတ်ညစ်တာဘဲ အလုပ်ကလဲ သားသမီးတွေကို ကျွန်မ ကပြောလိုက်တယ် ဘာဘဲဖြစ်ဖြစ် ဘုရားကိုဘဲ အားကိုး၊ ဘုရားဘဲ ရပ်တည်မှုမှာ မတူညီသော်လဲ သူတို့၏ ကလေးခြင်းသည် အတူတူပင်ဖြစ်ပါသည်။ တစ်ဦးမှာသော်လဲ၊ ကျန်တစ်ဦးမှာ ဈေးတောင်း ခေါင်းရွက်၍ဘဲ စားဝတ်နေရေးအတွက် ဖြေရှင်း နေရသည်မှာပင်ဖြစ်ပါသည်။

"မိခင်များနေ့ ရောက်ရင် ငါအရမ်းပျော်မှာ ဘာမှ မရှိရင်နေပါစေ၊ ငါ့ကလေးတွေကို သမ္မာတွေက မိခင်ဖြစ်တဲ့ ငါ့ကို ဂုဏ်ပြုတော့မယ်ဆိုရင် ငါကြွား မတ်တတ်ထ လိုက်ရမှ ကျေနပ်တယ်" ဟု ကျွန်မ ကြည်နူးမိပါသည်။ နောက်မိခင်တစ်ဦးမှာ



သူ့ကို ဘုရားသခင်ဆီမှာ ဆက်ကပ်ထားတယ် ပြောပြခဲ့ဖူးသည်။ အခြားသော မိခင်တစ်ဦးကလဲ အဆင်မပြေ၊ ကလေးတွေကလဲ ဆိုး၊ အဲဒါကြောင့် နင်တို့ကို ဘုရားလက်ထဲဘဲ ငါအပ်ထားတယ်။ တတ်နိုင်တယ်လို့လေ" ထိုမိခင်နှစ်ဦး၏ ဘဝများကို ဘုရားသခင် လက်တော်ထဲ အပ်နှံထားကလေးများကို ကိုယ်ဖိရင်ဖိ စောင့်ရှောက်နိုင်ဝမ်းစာရှာရသဖြင့် ကလေးများကို အချိန်မပေးနိုင်အဆင်မတူသော်လဲ အသွင်ခြင်းတော့ အတူတူ

တယ် သိလား၊ ငါ့ကိုယ်ငါ အရမ်းဂုဏ်ယူတယ်၊ ငါ့အာဇီဝနဲ့ ငါကျွေးမွေး ပြုစုခဲ့တဲ့အတွက် သူများလူကြားထဲမှာ မိခင်တစ်ယောက် အဖြစ် ဝံ့ဝံ့ကြွားအားရပါးရ ပြောတတ်သော ထိုမိခင်ကို ကြည့်၍ မတရားသော နည်းဖြင့် ငွေရှာသော သူတစ်ဦး

ဖြစ်ပြီး အများက မိခင်များကို ဂုဏ်ပြုသောအခါ လူကြားထဲတွင် ရဲရဲဝံ့ဝံ့မတ်တတ် မရပ်ရဲခဲ့ပေ။ သို့သော် ထိုမိခင် နှစ်ဦးစလုံးသည် အလုပ် မတူသော်လည်း သားသမီးများကို ကျွေးမွေး သော မေတ္တာသည် အတူတူပင်ဖြစ်ပါသည်။

ချစ်သော စာဖတ်သူများရှင့်။ မိခင်များ၏ အသွင်သဏ္ဍာန်နှင့် ခံယူချက်များ၊ အဆင်းအရောင်များ ကွဲပြားနေသော်လည်း တူညီသည့် အရာတစ်ခုမှာ ရင်ထဲမှ ထွက်ပေါ်လာသော မေတ္တာတရားပင် ဖြစ်ပါသည်။ မိခင်များနေ့တွင် ဂုဏ်ပြုခံရန် အပြုံးနှင့် မတ်တပ်ရပ်နေသည့် မိခင်များကို လက်ဆောင်များ ပေးကမ်းနိုင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မျက်ရည်ကျ၍ ပူဆွေးနေသော မိခင်များ၏ ရင်တွင်းခံစားချက်များကို မည်သူက သိမြင်နားလည်၍ မည်ကဲ့သို့သော လက်ဆောင်များဖြင့် ချီးမြှင့်ရန် ဆုံးဖြတ်ထားကြပါသနည်း။ တကယ်တော့ အမေများ၏ ရင်တွင်းစကားသည် ပျားသကာထက် ချိုမြိန်ပြီး၊ မေတ္တာတရား အလှသည်လဲ နတ်မိမယ် တမျှ တင့်တယ်လှပါသည်။

## အမေများ၏ နို့ရည်တစ်စက်သည်လဲ သားသမီးများအတွက် စည်းစိမ်တစ်သက် ကိုဖြစ်စေပါသည်။

ဖော်ပြ၍ မကုန်နိုင် လောက်အောင် ကြီးမားလွန်းသည့် ရောင်စုံမိခင်များ၏ တူညီသည့် မေတ္တာအကြောင်းကို ကျွန်မ စဉ်းစားသိရှိလာချိန်တွင် "ဘာကြီးဘဲ ဖြစ်နေ ဖြစ်နေ၊ အမေ ဟာ အမေ ပါဘဲ" ဆိုသော စကားလေးတစ်ခွန်းသည် ကျွန်မ ရင်ထဲတွင် ပဲ့တင်ထပ်လို့ နေပါတော့သည်။ ရောင်စုံမိခင်များအပေါ် ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။

(ကောင်းကင်ဘုံရောက် မိခင်အား သတိရလျှက် ... )

**ဆူးရင့်ခ်ီဖီးဖ်:** ( ခေတ္တ - Australia )

---




"စာပေဆိုတာ စာရေးသူရဲ့ ဘဝအတွေ့အကြုံ၊ နေရာဒေသ၊ ဗဟုသုတ ပေါ်မူတည်ပြီး ရသ ကွာသွားတတ်ပါတယ် " လို့ သခင့်စကား အမှတ်စဉ် ၃၃၊ "ကျွန်တော်၏ အမှန်များ ၂ " ဆောင်းပါးမှာ မင်းအောင်သက်လွင်က ရေးသားခဲ့ပါတယ်။ အဲဒီစကားကို ကျွန်တော် အကြွင်းမဲ့ လက်ခံပါတယ်။ ကျွန်တော် အရင်က စာမရေး ပါဘူး။ ရေးဖို့ စိတ်ကူး မရှိခဲ့ပေမဲ့ အခုအချိန်မှာတော့ မရေးဘဲ မနေနိုင်လို့ ညီအစ်ကို မောင်နှမ များကို သက်သေခံ ရေးသားလိုက်ပါတယ်။

အမိ မြန်မာပြည်ကနေ နိုင်ငံရပ်ခြားကို ရောက်ဖို့အတွက် ပထမဦးဆုံး လုပ်ရမဲ့ အထဲမှာ နိုင်ငံကူးလက်မှတ် လျှောက်ဖို့က အဓိက လိုအပ်ပါတယ်။ ကျွန်တော် နိုင်ငံခြားကို သွားဖို့အတွက် ၁၉၈၉ ခုနှစ်လောက်ကတည်းက အစီအစဉ် ရှိခဲ့တာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် ဦးလေး သင်္ဘောသား ပွဲစားတစ်ယောက်က အလုပ်ခန့်စာကို ကျွန်တော့် ညီအတွက် ထုတ်ပေးခဲ့တဲ့ အချိန်က စခဲ့တာပါ။ ကျွန်တော့် ညီက ၁၉၉၁ မှာ သင်္ဘောတက်သွားပါတယ်။

လူတိုင်း နိုင်ငံခြားသွားဖို့ လုပ်တယ်ဆိုကတည်းက အနည်းနဲ့ အများ အခက်အခဲတွေ ရှိကြပါတယ်။ ကျွန်တော် ပတ်စပို့ စလျှောက်ဖြစ်တာက ၁၉၉၄ ဇန္နဝါရီလ လောက်ကပါ။ ကျွန်တော်က ဂျီတီအိုင် တက်လက်စနဲ့မို့ ကျွန်တော့် ညီနဲ့ အတူ ပတ်စပို့ မလျှောက်ဖြစ်ဘဲ၊ ကျောင်းပြီးမှ လျှောက်ဖြစ်ခဲ့တာပါ။ နိုင်ငံခြား သွားဖို့ ဘုရားသခင်ဆီမှာလဲ ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းတာကလဲ အပေါ်ယံသက်သက်ပါဘဲ။ ဘုရားသခင်က ကောင်းကြီးမပေးခင်မှာ စမ်းသပ်မှုတွေ ပြုခဲ့ပါတယ်။ ဒါကလဲ သူ့ကို ယုံကြည်ဖို့အတွက်ပါဘဲ။ ကျွန်တော်က လူတွေကို အားကိုးမိတယ်။ နိုင်ငံခြားသွားမယ်ဆိုရင် အတွေ့အကြုံ ရှိရင် ပိုပြီးကောင်းတယ်လို့ လူတွေက ဝိုင်းပြောကြတာနဲ့ ကျွန်တော်လဲ အလုပ်ပေါင်းစုံ ဝင်လုပ်ပြီး အတွေ့အကြုံရှာခဲ့ပါသေးတယ်။

ကားစပါယ်ယာ၊ ကားပြင်၊ ကားမောင်း တာက အစ။ **Generator, Excavator, Dump Truck** ပြုပြင်တာက အလယ်၊ ကျောက်စိမ်းတူးဖော်ခြင်း၊ ရွှေ တူးဖော်ခြင်း၊ **Construction Site Manager, Custom Clearance** အဆုံး၊ အကုန်လျှောက်လုပ်ခဲ့တာပေါ့။

## ဒါပေမဲ့ ကျွန်တော် ရခဲ့တဲ့ အတွေ့အကြုံတွေ၊ ပေါင်းသင်းခဲ့တဲ့ မိတ်ဆွေတွေက တကယ်တမ်းကျတော့ ကျွန်တော့်ကို ဘာ အကူအညီမှ မပေးနိုင်ခဲ့ပါဘူး။

အဲဒီအချိန်တုံးက နိုင်ငံခြား သွားချင်လွန်းလို့ နိုင်ငံခြားကို ရောက်ရင် မြန်မာပြည်ကို လုံးဝမပြန်တော့ဘူးလို့ စိတ်ကူးခဲ့မိပါသေးတယ်။ ထီးဖြူ၊ ဖိနပ်ပါးနဲ့ ပတ်စပို့ သက်တမ်းကို အကြိမ်ကြိမ် တိုးခဲ့ရတာဘဲ အဖတ်တင်ခဲ့ပါတယ်။

နောက်ဆုံး – **ဘုရားသခင်ကို ကိုးစားခြင်းသည် လူကို ကိုးစားခြင်းထက်သာ၍ ကောင်း၏** ဆိုတဲ့ ကျမ်းချက်အတိုင်း ဘုရားသခင်ကို အပြစ်ဝန်ချတောင်းပန် ကိုးစား ခဲ့တဲ့ အခါမှာတော့ ကျွန်တော်ဟာ စင်ကာပူနိုင်ငံကို ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလ မှာ ရောက်ရှိလာခဲ့ပါတယ်။ ။

**ဇီးရိုး ( Zero )**

**Blue Star Brother (( 15-5-2004 ၊ 00.33 am))**

---

## အားနာလိုက်တာကိုယ်တော်ရယ်-၂

ညဂျူတီ ဆင်းပြီး အလုပ်က ပြန်လာတာမို့၊ အိပ်ရေးပျက် ထားတဲ့ ဒဏ်ကြောင့် ၅ထပ်တိုက်ပေါ် ခြေကျင်တက်ရမှာကို ကျွန်တော် ရင်လေး မိပါတယ် (ဓါတ်လှေကား မရှိပါ)။ လှေကားထစ်ပေါင်း ၈၅ ထစ်ခန့်ကို တက်လာ ပြီးလို့ ကျွန်တော် နေတဲ့ အခန်းရှေ့အရောက်မှာ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် စိတ်တိုသွားပါတယ်။ ဘေးချင်းကပ်လျက် အခန်းက အိန္ဒိယကုလား ၅ယောက်က ကျွန်တော်တို့ အခန်းရှေ့ တည့်တည့်မှာ လမ်းပိတ်ပြီး ဖဲ ထိုင်ရိုက်နေကြပါတယ်။ ကော်ရစ်တာ စင်္ကြံလမ်းက ကျဉ်းတဲ့အတွက် လူ ၅ ယောက်ထိုင်လိုက်တာနဲ့ လမ်းသွားလို့ မရတော့ပါဘူး။ ကျွန်တော်နေတဲ့ တိုက်ခန်းက **Boon Lay MRT** အလွန်က **Blue Stars** နိုင်ငံခြားသား သီးသန့် ဘော်ဒါဆောင်မှာ ဖြစ်ပါတယ်။



ကျွန်တော်တို့ အဆောင်မှာ ကုမ္ပဏီပေါင်းစုံက တရုတ်၊ စုပြီးနေကြတဲ့ အဆောင်ဖြစ်ပါတယ်။ အဆောင်ထဲမှာ ထုတ်ထားပါတယ်။ ဒီလူ၅ယောက်က အဆောင်ဥပဒေ လူသွားလမ်းဖြစ်တဲ့ ကျွန်တော်တို့ အခန်းရှေ့မှာ လာ ဖဲဝိုင်းကို ခွကျော်ပြီး ကျွန်တော် သွားမိပါတယ်။ ကျွန်တော်တို့ အခန်းကလူတွေ အပြင်မှာ မချွတ်ဘဲ အခန်းထဲက ဖိနပ်စင်ပေါ်မှာဘဲ ဆီချေးတွေ ပေနေတဲ့ **Safety Shoe** နဲ့ ဖိနပ်တွေ ဘေးချင်းကပ်လျက် အိန္ဒိယကုလား အခန်းကဘဲ

ယိုးဒယား၊ မြန်မာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် လူမျိုးတွေ အရက်သေစာ၊ လောင်းကစား မလုပ်ရဘူး လို့ အမိန့် ကို ချိုးဖောက်တဲ့အပြင် ကိုယ့်အခန်းထဲ ကိုယ် ဖဲ မရိုက်ဘဲ ရိုက်တဲ့အတွက် တော်တော် တရားလွန် နေပါပြီ။ ဖြတ်လာခဲ့ပါတယ်။ အခန်းဝရှေ့ရောက်တော့ ပိုပြီးစိတ်တို အကုန်လုံးဟာ အခန်းရှေ့မှာ ရှုပ်မှာစိုးတဲ့အတွက် ဖိနပ်ကို ချွတ်လေ့ရှိပါတယ်။ အခုတော့ ကျွန်တော်တို့ အခန်းရှေ့မှာ ဖရိုဖရဲ ချွတ်ထားတာကို တွေ့လိုက်ရပါတယ်။ ဒါလဲ ဟို – နယ်ကျော်ပြီး လာချွတ်ထားတာ ဖြစ်မှာဘဲ။ ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ မျက်စိရှေ့က ဖိနပ်ကို အားရပါးရ ကန်ထုတ်ပစ်လိုက်တယ်။ **Safety Shoe** ဖိနပ်အမာကြီးက အိမ်တံခါးကို ဝင်ဆောင့်သွားပြီး "ဒုန်း"ဆိုတဲ့အသံကြီး ထွက်ပေါ်လာတယ်။ ဖဲရိုက်နေတဲ့ ကုလား၅ယောက် အလန့်တကြား မော့ကြည့်တာကို မြင်လိုက်ရတယ်။ ကျွန်တော် သူတို့ကို ဘုကြည့်ကြည့်လိုက်ပြီး အခန်းတံခါးကို ဆောင့်ပိတ်လိုက်တယ်။

((** ၃ရက်ကြာသော် ... ))

ညနေ ဖြနာရီခွဲလောက်မှာ ညဂျူတီဆင်းဖို့ ကျွန်တော် အခန်းထဲက ထွက်လာခဲ့ပါတယ်။ အခန်းဝမှာ အိန္ဒိယလူမျိုး တော်တော်များများ ရုံးစုရုံးစုနဲ့ အကြောင်းအရာ တစ်ခုကို စိတ်ဝင်တစားပြောနေကြတာ တွေ့ရပါတယ်။ သူတို့ဘာသာစကား(အိန္ဒိယ တမီးလ်)နဲ့ ပြောတာဖြစ်တဲ့အတွက် ကျွန်တော် နားမလည်ပါဘူး။ ဒီလိုပါဘဲ အိန္ဒိယလူမျိုးတွေက သူတို့နိုင်ငံ ရွေးကောက်ပွဲ လုပ်တာဘဲဖြစ်ဖြစ်၊ သူတို့နိုင်ငံ အားကစားအသင်း ခရက်ကက်ပြိုင်ပွဲ နိုင်တဲ့အခါမှာဖြစ်ဖြစ် ရေးကြီးခွင်ကျယ် လုပ်ပြီး စုစကားပြောတတ်ကြတာမို့ ကျွန်တော် အရေးစိုက်မနေတော့ပါဘူး။ ဒါပေမဲ့ အဲဒီ လူအုပ်စုထဲမှာ ကျွန်တော်တို့ ကုမ္ပဏီက အိန္ဒိယ အလုပ်သမား နှစ်ယောက်ကို တွေ့လိုက်ရတယ်။ သူတို့ မျက်နှာလဲ သိပ်မကောင်းတာကို တွေ့လိုက်ရလို့ ဘာဖြစ်တာလဲလို့ သိချင်စိတ်နဲ့ စပ်စုလိုက်မိတယ်။

ကြားရတဲ့သိတင်းကတော့ (–––)ကုမ္ပဏီက (–––)သင်္ဘောကျင်းမှာ အလုပ်လုပ်တဲ့ အိန္ဒိယအလုပ်သမား ၅ယောက်နဲ့ မလေးရှားနိုင်ငံက အလုပ်သမား၂ယောက် အလုပ်လုပ်ရင်း ဓါတ်ငွေ့မီးလောင် ပေါက်ကွဲမှုဖြစ်ပြီး ပွဲချင်းပြီး သေသွားတယ်ဆိုတဲ့ သိတင်းဘဲဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် သေသွားတဲ့ အိန္ဒိယနိုင်ငံသား ၅ယောက်က ကျွန်တော့် ဘေးအခန်းက လူတွေဖြစ်နေတယ်။ ကျွန်တော် ခေါင်းနပန်း ကြီးသွားပါတယ်။ စိတ်ထဲမှာ သေသွားတဲ့ ၅ယောက်ဟာ ဖဲထိုင်ရိုက်နေတဲ့ သူတွေ မဖြစ်ပါစေနဲ့လို့ ဆုတောင်းလိုက်မိပါတယ်။ ကျွန်တော် ဆုတောင်း မပြည့်ခဲ့ပါဘူး။ အဲဒီနေ့ကစပြီး ကျွန်တော်တို့ အခန်းရှေ့မှာ ဖဲရိုက်တဲ့ သူတွေကိုလဲ မတွေ့ရတော့သလို၊ ဖိနပ်ကို ပစ်စလက်ခတ် ချွတ်ထားတာလဲ မတွေ့ရတော့ပါဘူး။ နောက်တစ်နေ့မှာ ကျွန်တော်တို့ **Blue Stars** အဆောင်ဝမှာ သေသွားတဲ့ လူ၅ယောက်ရဲ့ ကျန်ရစ်သူ မိသားစုတွေအတွက် ကရုဏာကြေးငွေ အလှူခံတဲ့ပုံး ချိတ်ထားတာကို တွေ့လိုက်ရပါတယ်။

အဲဒီအချိန်မှာ ကျမ်းချက်လေး တစ်ချက်ကို သွားသတိရမိတယ်။ ကျမ်းချက်ကတော့ ယေဇကျေလ ၃း၁၈ မှာရေးထားတဲ့ – –

**သင်သည် အမှန် သေလိမ့်မည်ဟု လူဆိုးအား ငါပြောလျှက်နှင့် သင်သည် သတိမပေး၊ လူဆိုး၏ အသက်ကို ချမ်းသာစေခြင်းငှာ လူဆိုးအား သတိပေးသောစကားကို မပြောဘဲနေလျှင် ထိုလူဆိုးသည် မိမိအပြစ်၌ သေလိမ့်မည်။ သူ၏ အသက်ကိုကား သင်၌ ငါတောင်းမည်။**

**သူ၏ အသက်ကိုကား သင်၌ ငါတောင်းမည်။**

**သူ၏ အသက်ကိုကား သင်၌ ငါတောင်းမည်။**

– ဆိုတဲ့ ကျမ်းစကားဘဲ ဖြစ်ပါတယ်။ ကျွန်တော့် အခန်းဘေးက ဖဲထိုင်ရိုက်တဲ့ လူ၅ယောက်ကို အခွင့်အရေး ရရဲ့သားနဲ့ ကျွန်တော် ခရစ်တော်အကြောင်း မပြောခဲ့ဘူး။ ဝေစာလေး တစ်စောင်တောင် မဝေခဲ့ဘူး။ သူတို့ ဖဲရိုက်နေချိန်မှာ ကျွန်တော်က သူတို့ကို မေတ္တာနဲ့ဆုံးမလို့ ရရဲ့သားနဲ့ စိတ်တိုတိုနဲ့ ကျွန်တော်ကဘဲ ရန်စခဲ့သေးတယ်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၊ ကိုယ့်ပတ်ဝန်းကျင်နားမှာ ရှိနေတဲ့သူတွေကို ကောင်းသောလမ်းသို့ မပြနိုင်ဘဲ ဘုန်းတော်ရှုတ်ချစေခဲ့တဲ့ ကျွန်တော့်ရဲ့ အပြုအမူ ကြောင့် ...

အစားပြန် မရနိုင်တော့တဲ့ သူတို့ရဲ့ ဝိညာဉ်အတွက် အလျော်ပြန်တောင်းမဲ့ ဘုရားသခင်ရဲ့ ရှေ့တော်မှောက်မှာ ကျွန်တော် ဘယ်လို မျက်နှာထားရမှန်း မသိအောင် ဖြစ်ခဲ့မိပါတယ်။

စိတ်ညစ်ညစ်နဲ့ ကျမ်းစာအုပ်ကို ဟိုဟိုဒီဒီ လှန်ကြည့်ရင်း ... 

စိတ်ညစ်ညစ်နဲ့ ကျမ်းစာအုပ်ကို ဟိုဟိုဒီဒီ လှောက်အလှန်မှာ စာအုပ်ကြားထဲက ဝေစာ၅စောင် ထွက်ကျလာပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ။ အဲဒီ ဝေစာ ၅စောင်က ၁၉၉၈ခု လောက်က စင်ကာပူ ကျမ်းစာအသင်းကို ကျွန်တော် သွားလည်တုံးက ယူလာခဲ့တဲ့ အိန္ဒိယ (တမီးလ်) ဘာသာစကားနဲ့ ရေးထားတဲ့ ဝေစာလေးတွေ ဖြစ်နေပါတယ်။ ဝေစာလေးတွေကို ကိုင်ကြည့်ရင်း ကျွန်တော့် ရင်ထဲမှာတော့ လက်လွတ်ဆုံးရှုံးသွားတဲ့ ဝိညာဉ်လေးတွေအတွက် "အားနာလိုက်တာ ကိုယ်တော်ရယ် " လို့သာ ... ... ... ...။

**( မင်းအောင်သက်လွင် )**




မိတ်ဆွေ – ပြောရအုံးမယ်။ မပြော မဖြစ်လို့ကို ပြောရမှာလေ။
ကျမ်းစာထဲမှာ ရေးထားတယ်။ မညီတဲ့ ထမ်းပိုး မထမ်းနဲ့တဲ့။
ဆင်ခြေတက်စရာ ၊ ဝိညာဉ်တစ်လုံး ကယ်ချင်လွန်းလို့ပါတဲ့။
မထင်နဲ့ မိတ်ဆွေ။ သူ့ဝိညာဉ်ကို မကယ်တင်နိုင်ဘဲ။
ကိုယ့်ဝိညာဉ်ပါ ဆုံးရှုံး သွားနိုင်တယ်နော်။ကျပ်ကျပ် သတိထားပါ မိတ်ဆွေ။
ဘုရားသခင်ရဲ့ ကောင်းကြီး မင်္ဂလာ – သင့်ဆီမှ မလွှန်သွားပါစေနဲ့။

**အချင်းမိန်းမ သင်သည် ကိုယ်ခင်ပွန်းကို ကယ်တင်မည်၊ မကယ်တင်မည်ကို အဘယ်သို့သိသနည်း။**
**အချင်းယောက်ျား သင်သည် ကိုယ်ခင်ပွန်းကို ကယ်တင်မည်၊ မကယ်တင်မည်ကို အဘယ်သို့သိသနည်း။**

**၁ကော ၇း၁၆ ။ မလေး (ဂျူလိုင်)**

# ဘလူးစတားကစောင့်နေမယ်




ဒီမှာ မိတ်ဆွေ –
ဘဝရေးအတွက် စဉ်းစားကြံလျှက်
ဆုံးဖြတ် ခက်နေသလား ။
မစိုးရိမ်နဲ့ သူရှိတယ် ။

ဇနီးမယား သမီးသားနဲ့
မိဘ နောင်ဘွား ချစ်ဆွေများအတွက်
ရတက်ဗျာပွေ စိတ်လေနေလား ။
စိတ်မပူနဲ့ သူရှိတယ် ။

ငွေအသပြာကြေး လူမှုပြဿနာ
အဖြေရှာမတွေ့ ဝေဒနာ ဖြစ်နေသလား
မကြောင့်ကြနဲ့ သူရှိတယ် ။

ရောဂါဝေဒနာ နာကျင်ခံခက်
နှိပ်စက်နေလား ၊
စိတ်မပျက်နဲ့ သူရှိတယ် ။

စုံစမ်းခြင်းတွေ ရင်မှာ ခိုကပ်လို့
သင့်ဘဝကို မင်းမူ ၊ အနိုင်ယူချင်သူ
မာရ်နတ် ကျော့ကွင်း ပိတ်မိနေလား ၊
စိတ်ဓါတ် မကျနဲ့ ၊ သူ ရှိတယ် ။

"သူ" ဆိုတဲ့ သူ ၊ ဘယ်သူတဲ့လား
ဗက်လင် မှာ မွေး ၊ နာဇရက်မှာ ကြီး
ဂေါလဂေါသ ထိုအရပ်မှာ ၊ လောကပြစ်ကြွေးကို
ခန္ဓာ စတေးလို့ ကယ်တင်ခဲ့တယ် ။
သုံးရက် မြောက်မှာ ရှင်ပြန်ခဲ့သူ
ထိုသူကို သင်သိတယ်နော် ။
သူ့ကို ယုံကြည်ဖို့ ၊ ပုံအပ်ခဲ့ရင်ဖြင့်
တစ်ဘဝလုံးအတွက် စိတ်ချရပြီပေါ့ ။

တွေဝေ မနေနဲ့တော့ မိတ်ဆွေ
လာခဲ့ပါ ၊ ဖိတ်ခေါ်လျှက်ပါ
အားလုံး အတွက် အဖြေရှာ
မရေရာ တာတွေ သေချာစေဖို့အတွက်
ယုံကြည်သူ ချစ်ဆွေများက ၊
လူ မလာ ၊ စာလွှာပို့ကာဖြင့်
နီးစပ်ရာ ဖုန်းလေးတွေနဲ့ ၊ ဆုတောင်းချက်ကို တင်ပြရင်း
အပို မပြောလိုပါဘူး ၊
အလိုတော်ကို ဝန်ခံ လျှောက်လှမ်းလျှက်
**Blue Stars Brother** တွေက ၊
ချစ်ဆွေတို့ အတွက်လေ ၊
မေတ္တာဝေ ဆုတောင်းပေးနေလျှက် ... ။ ။

**နေးနေး (အင်းစိန်)**
**Blue Stars Brother**

## ဟန်ချက်




တကယ်ဆိုရင် –
ပြဇာတ် မဟုတ်တဲ့
ဇာတ် တစ်ပုဒ်ကို ၊
ငါ နဲ့ နင် က ပြ ခဲ့ရတဲ့ ။
အခန်းဆက် နေ့ရက်တွေရဲ့ နောက်
တကယ် ကြေကွဲရမဲ့ အချိန်မှာ
ငါ သရုပ်ဆောင် မကောင်းခဲ့ဘူး ။

အမှန်ဆိုရင် –
ဒေသ စံတော်ချိန်
တစ်နာရီခွဲကွာတဲ့ ၊ ဒီ ဒေသမှာ
တို့နှစ်ယောက်ရဲ့ ၊ ဘဝ တစ်ခု အတွက်
ဒေါ်လာနဲ့ အချိန်တွေ လှည့်လည်နေတဲ့
မပြီးဆုံးနိုင်တဲ့ နေ့ရက်တွေမှာ
နင် ဟန်ပါပါ သရုပ်ဆောင် နေဆဲဘဲ ။ ။

**သက်တံချို**
(စင်ကာပူရောက် ဘဝတူ
သရုပ်ဆောင်ကောင်းနေသူများသို့ – –)

## * အပြန်လမ်း *



တချိန်က ... သိုးဖြူလေး ငါ ဟာ
စိမ်းလန်းတဲ့ မြက်ခင်းတွေပေါ်
ပြေးဆော့ရင်း ၊
သခင့်ရဲ့ အေးမြတဲ့ မေတ္တာရိပ်မှာ
နွေးထွေးစွာ ခိုလှုံခဲ့ဖူးတယ် ။
ရာသီတွေ အလီလီ ပြောင်းရင်း
သိုးဖြူလေး ငါလဲ
သိုးဖြူငယ်လေး ဘဝကို ရောက်ခဲ့ပြီ ။
မြက်ခင်းပေါ်မှာ
ပြေးဆော့ ရတာလဲ ၊ ငြီးငွေ့ခဲ့ပေါ့ ။
ဟိုး အဝေး – – ရေးရေး မြင်တဲ့
ရောင်စုံမြို့ပြ ကြီးတွေပေါ် ရောက်ချင်ခဲ့ပေါ့ ။
သခင့် မေတ္တာ အရိပ်အောက်က
ပြေးပျောက်ကာ
အရောင်သွေး စုံလင်တဲ့
သိုးတွေ ဆိတ်တွေ ကြားမှာ
ပျော်ရွှင်မှုတွေကို ရှာရင်း ၊
ကြီးပြင်းခဲ့ပြန်ပေါ့ ။
စုံလင်တဲ့ အရောင်သွေးကြား ရောစပ်ကာ
ငါ သိုးဖြူလေးလဲ ၊ သိုးမဲလေး ဖြစ်ခဲ့ပြန်ပေါ့
ပျော်ရွှင်မှုတွေ ပျောက်ဆုံးကာ
အမှောင်မှာ ကျင်လည်ရင်း ၊
ဒုက္ခတွေ ရင်ဝယ်ပိုက်တုံး
တစ်နေ့တော့ – သခင့်ကို
အိမ်မက် မြင်မက်မိတယ် ။
သခင်ခေါ်နေတယ် ။
သခင့်ရဲ့ အကြင်နာ မေတ္တာတွေကို
ပြန်လည် လွမ်းဆွတ်မိလို့ ၊ သခင့်ဆီ
အရောက်ပြန်မယ်လို့ စိတ်ကူးရင်း
အပြန်လမ်းကို လျှောက်ခဲ့တော့
အတားအဆီးတွေက အလာလမ်းလို
ချောမွေ့ခြင်း မရှိတော့မှန်း
သိရှိလိုက်တဲ့ အချိန်မှာ–
သိုးမဲလေး ငါလဲ
သခင် – သခင် လို့ အော်ခေါ်ရင်း ... ။ ။
( ခရစ်တော်၏ ချစ်ခြင်း၌ )
**မေမြှန်**